# KACHIN DEMOCRATIC PARTY ( KDP )

## ကချင်ဒီမိုကရက်တစ်ပါတီ

ရက်စွဲ။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်

### သဘောထားထုတ်ပြန်ချက်

ကျွန်ုပ်တို့ ကချင်ဒီမိုကရက်တစ်ပါတီသည် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (Nation-wide Cease fire Agreement, NCA) အပေါ် အောက်ပါအတိုင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ၂၀၁၅ နိုဝင်ဘာလ (၈) ရက်နေ့ အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းဖို့ရန်နှင့် စစ်မှန်သော အပစ်အခတ်ရပ်စဲရေး အထောက်အပံ့တစ်ခု ဖြစ်သည်။

၂။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းထားသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှသာ စစ်မှန်ပြီး ရေရှည်တည်တံ့နိုင်မြဲသော အပစ်အခတ်ရပ်စဲရေး ရရှိမည် ဖြစ်သည်။

၃။ မြန်မာ့တပ်မတော်သည် တိုင်းရင်းသားဒေသများတွင် စစ်အင်အား အလုံးအရင်းဖြင့် ဖိအားပေးခြင်းနှင့် ပစ်ခတ်တိုက်ခိုက်၊ ထိုးစစ်ဆင်ခြင်းသည် စစ်မှန်ပြီး ရေရှည်တည်တံ့နိုင်မြဲသော အပစ်အခတ်ရပ်စဲရေး ရရှိမည် မဟုတ်ပါ။ ထိုသို့ စစ်မှန်ပြီး ရေရှည်တည်တံ့နိုင်မြဲသော အပစ်အခတ်ရပ်စဲရေး ရရှိရန် မြန်မာအစိုးရသည် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို တရားဝင် ထုတ်ပြန်ကြေညာသင့်သည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ ထုတ်ပြန်သော ကြေညာချက်အမှတ် (၆၁/၂၀၁၅) အရ ကချင်ပြည်နယ်တွင် ရွေးကောက်ပွဲ မကျင်းပမည့် ကျေးရွာပေါင်း (၂၀၀) ကျော် ရှိကြောင်း ထုတ်ပြန်ခဲ့သည်။ ထိုသို့ ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်းသည် ပြည်တွင်းစစ်၏ ဘေးထွက်ဆိုးကျိုးတစ်ရပ် ဖြစ်သည်။

၅။ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် သက်ဆိုင်သူ အားလုံး ပါဝင် လက်မှတ်ရေးထိုးမှ သာလျှင် စစ်မှန်ပြီး ရေရှည်တည်တံ့နိုင်မြဲသော အပစ်အခတ်ရပ်စဲရေး ရရှိမည် ဖြစ်သည်။